ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

# (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၂၆၈ ) ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ မေလ ၁၅ ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - ဦးမြင့်မောင်<br>Managing Director |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - MCCM Co.,Ltd<br>မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ကျော့ဇီ ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၈၃၇-ဂ)၊ ကျော့ဇီအနောက်ကွင်း၊ ဦးပိုင်အမှတ် (၉၂/၁၊ ၉၃၊ ၉၄/ ၁၊ ၉၄/ ၂၊ ၉၄/၃) |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - ရေနံချက်လုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - တစ်လလျှင် ဒီဇယ် ၄၀,၀၀၀ ဂါလန်နှင့် ဓာတ်ဆီ ၁၀,၀၀၀ ဂါလန် ထုတ်လုပ်နိုင်မည့် ရေနံချက်စက်ရုံ |
| (စ) | **စီမံကိန်းတည်နေရာ** | - မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ကျော့ဇီ ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၈၃၇-ဂ)၊ ကျော့ဇီအနောက်ကွင်း၊ ဦးပိုင်အမှတ် (၉၂/၁၊ ၉၃၊ ၉၄/ ၁၊ ၉၄/ ၂၊ ၉၄/၃) |
| (ဆ) | **ECC သက်တမ်း (၅)နှစ်** | - စတင်ထုတ်ပေးရက် - ၄-၂-၂၀၂၅<br>သက်တမ်းကုန်ဆုံးရက် - ၃-၂-၂၀၃၀ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ၂၉-၁၁-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၂/၆/၇ အီးအိုင်အေ (၂၆၀၂/၂၀၂၄) ဖြင့် တင်ပြသည့် **"ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာ"** |



ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

စည်းကမ်းချက်များ

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံ တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်းမဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်း သည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ (က)

**MCCM Co.,Ltd မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အသေးစားရေနံချက်စက်ရုံ လုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ MCCM Co.,Ltd မှ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ကျော့ဇီကျေးရွာအုပ်စု၊ ကွင်းအမှတ် (၈၃၇-ဂ)၊ ကျော့ဇီအနောက်ကွင်း၊ ဦးပိုင်အမှတ် (၉၂/၁၊ ၉၃၊ ၉၄/ ၁၊ ၉၄/၂၊ ၉၄/ ၃) တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် အသေးစားရေနံချက်စက်ရုံလုပ်ငန်းအတွက် မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၂၉-၁၁-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၂/၆/၇ အီးအိုင်အေ (၂၆၀၂/၂၀၂၄) ဖြင့် တင်ပြခဲ့သည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်ပါသည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးမြင့်မောင်၊ Managing Director ၊ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ကျော့ဇီကျေးရွာအုပ်စု၊ ကွင်းအမှတ် (၈၃၇-ဂ)၊ ကျော့ဇီအနောက်ကွင်း၊ ဦးပိုင်အမှတ် (၉၂/၁၊ ၉၃၊ ၉၄/ ၁၊ ၉၄/ ၂၊ ၉၄/၃)၊ MCCM Co.,Ltd ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြု စီမံကိန်းသည် (၃.၉၈) ဧက ကျယ်ဝန်း၍ စီမံကိန်းဧရိယာအတွင်း ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းတွင် အသုံးပြုသော ရေနံချက်လုပ်သည့် နည်းလမ်းမှာ အခြေခံကျသော ရေနံသန့်စင်ခြင်းနည်းစနစ်ဖြစ်ခြင်း၊ ပထမဦးစွာ ရောက်ရှိလာသော ရေနံဆီကုန်ကြမ်းများကို အလေးချိန်ချိန်ပြီး ပဏာမသိုလှောင်ကန်သို့ ပို့ဆောင်ပါ ကြောင်း၊ ထိုကန်အတွင်း၌ ရေနံဆီများခဲမသွားစေရန်နှင့် ပါဝင်လာသော ရေများအား ဖယ်ရှားရန် ၅၀ ဒီဂရီစင်တီဂရိတ်ဖြင့် အပူပေးထားပါကြောင်း၊ ထို့နောက် ပိုက်လိုင်းများမှ တစ်ဆင့်(၄) လုံးသော ဆိုင်လိုများဆီသို့ ပို့ဆောင်ပါကြောင်း ထိုဆိုင်လို(၄)လုံးထဲတွင်လည်း ကုန်ကြမ်းများကို ၅၀ ဒီဂရီစင်တီဂရိတ်ဖြင့် အပူပေးအနည်ထိုင်စေပါကြောင်း၊ ထို့နောက် ဆိုင်လိုများမှ ဆီကုန်ကြမ်းများအား အနည်စစ်ဇကာ (၂) ခုကို ဖြတ်သန်းစေပြီး ရေနှင့် အနည်များကို ဇကာဖြင့် သန့်စင်၍ Circular Crude Oil Drum သို့ ပို့ဆောင်ခြင်း၊ Circular Crude Oil Drum မှ သန့်စင်ပြီးသော ကုန်ကြမ်းရေနံဆီများကို မီးဖိုသို့ပို့ဆောင်ပြီး ၃၃၅ ဒီဂရီစင်တီဂရိတ်တွင် အပူပေးချက်လုပ်ခြင်း၊ ဓာတ်ဆီချက်လုပ်ရန် အပူချိန်သည် ၈၀ မှ ၁၈၀ ဒီဂရီစင်တီဂရိတ်လိုအပ်ပြီး ဒီဇယ်ချက်လုပ်ရန် ၁၈၀ မှ ၃၃၅ ဒီဂရီစင်တီဂရိတ်လိုအပ်ခြင်း၊ မီးဖိုနှင့် Distillation Column မှ ထွက်လာသော ရေနံဆီ အငွေ့များသည် Condenser တွင် ငွေ့ရည်ဖွဲ့ပြီး ရရှိလာသော ဓာတ်ဆီနှင့် ဒီဇယ်များကို Overhead Receiving Tank တွင် သိုလှောင်ခြင်း၊ ငွေ့ရည်ဖွဲ့မှု မရရှိသော အငွေ့များကို Circular Crude Oil Drum သို့ ထပ်မံပို့ဆောင်


ခြင်း၊ Overhead Receiving Tank မှ ဆီများကို အရည်အသွေးကောင်းစေရန်နှင့် ဆီအကြွင်းအကျန်များကို ခွဲထုတ်ရန် ဆီလီကာသဲများဖြင့် သန့်စင်ခြင်း၊ ထို့နောက် ကုန်ချောဖြစ်သည့် ခတ်ဆီနှင့် ဒီဇယ်များကို သိုလှောင်ကန်အသီးသီးသို့ ပို့ဆောင်သိုလှောင်ခြင်းတို့အား ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** အဆိုပြု ရေနံချက်လုပ်ငန်းအတွက်လိုအပ်သည့် ရေနံစိမ်းအား တပ်မကျေးရွာမှ ၄၀,၀၀၀ ဂါလန်၊ မြိုင်မြို့နယ်မှ ၂၅,၀၀၀ ဂါလန်နှင့် မင်းလှမြို့နယ်မှ ၉,၀၀၀ ဂါလန်ရယူမည်ဖြစ်သဖြင့် ကုန်ကြမ်းလိုအပ်ချက် စုစုပေါင်းမှာ ရေနံစိမ်း ၇၄,၀၀၀ ဂါလန်ဖြစ်ကြောင်း၊ လုပ်ငန်းစဉ်တွင် အသုံးပြုသော အခြားသော ကုန်ကြမ်းတစ်ခု မှာ silica gel ဖြစ်ပြီး၊ Silica gel ကို တရုတ်နိုင်ငံမှ ဝယ်ယူပြီး ရန်ကုန်ဆိပ်ကမ်းမှ ကွန်တိန်နာကားများဖြင့် စက်ရုံသို့ သယ်ယူပါကြောင်း၊ Silica gel လစဉ်အသုံးပြုမှုမှာ ၈၀-၁၀၀ အိတ်ဝန်းကျင်ရှိပြီး ရေနံအမျိုးအစားပေါ် မူတည်ပါကြောင်း၊ Silica Gel အိတ်တစ်အိတ်၏ အလေးချိန်မှာ (၂၀) ကီလိုဂရမ် ဖြစ်ပါကြောင်း၊ ရေနံစိမ်းများအား ၅၆,၀၀၀ ဂါလန်ဆံ့ Silo လေးခုဖြင့် သိုလှောင်မည်ဖြစ်ပါသဖြင့် စုစုပေါင်းသိုလှောင်မည့်ပမာဏမှာ ၂၂၄,၀၀၀ ဂါလန်ဖြစ်ကြောင်း၊ ရေနံချက်လုပ်နိုင်မည့် ပမာဏမှာ တစ်လလျှင် အနည်းဆုံး ဂါလန် ၇၀,၀၀၀မှ အများဆုံး ဂါလန် ၈၀,၀၀၀ ကြားဖြစ်ကြောင်း၊ ကုန်ချောထုတ်လုပ်နိုင်မည့် ပမာဏမှာ တစ်လလျှင် ဒီဇယ် ၄၀,၀၀၀ဂါလန်နှင့် ခတ်ဆီ ၁၀,၀၀၀ ဂါလန် ဖြစ်ကြောင်း စက်ရုံတွင် (၃၁၅) ကေဗွီအေရှိ ထရန်စဖော်မာ တစ်လုံးရှိပါကြောင်း၊ စက်ရုံတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ ဖြစ်ပေါ်ပါက (၂၅၀) ကေဗွီအေ၊ (၄၁၀) ကေဗွီအေနှင့် (၁၅၀) ကေဗွီအေရှိသော မီးစက်ကို (၂) လုံးကို အသုံးပြုပါကြောင်း၊ မီးစက်လည်ပတ်ရန်အတွက် ဒီဇယ်လောင်စာဆီကို အသုံးပြုရပြီး လုပ်ငန်းလည်ပတ်မှုရှိသည့် ကာလများအတွင်းတွင် (၁) ရက်လျှင် ဒီဇယ်ဆီ (၅၀) ဂါလန်ခန့် သုံးစွဲရပါကြောင်း၊ စီမံကိန်းသည် ရေလိုအပ်မှုကို အဝီစိတွင်း(၂)တွင်းမှ ရယူသုံးစွဲပါကြောင်း၊ အကျယ် (၄) လက်မ၊ အနက်ပေ (၄၂၀) ရှိသော တွင်း (၁)ခုနှင့် အကျယ် (၂) လက်မ၊ အနက်ပေ (၄၂၀)ရှိသော တွင်း(၁)ခုမှ ရယူသုံးစွဲလျှက်ရှိပါကြောင်း၊ အကျယ်(၄) လက်မပိုက်ကို စီမံကိန်းလုပ်ငန်းလည်ပတ်ခြင်းအတွက် အသုံးပြုပြီး စီမံကိန်းဧရိယာအနီးတွင်ရှိပါကြောင်း၊ အကျယ်(၂) လက်မရှိသော ရေတွင်းကို အိမ်သုံး/ ဝန်ထမ်းသုံးအတွက် အသုံးပြုပြီး မီးဖိုချောင်အနီးတွင်ရှိပါကြောင်း၊ ရေတွင်းမှ ရေကို ထုတ်ယူသုံးစွဲရန်အတွက် ရေစက်(၂)လုံးအား အသုံးပြုရပါကြောင်း၊ သောက်ရေအတွက် နွေရာသီတွင် (၂၀) လီတာရေဘူး (၁၀၀) ဘူးခန့် အသုံးပြုပြီး ဆောင်းရာသီတွင် ဘူး (၅၀) မှ (၆၀) ခန့်အထိ အသုံးပြုပါကြောင်း၊ အသံဆူညံညစ်ညမ်းမှုကို လျော့ချနိုင်ရန်အတွက် အဆိုပြုစီမံကိန်းသည် မီးစက်ကို သီးခြားအခန်းတစ်ခုဖြင့် ထားရှိပါကြောင်း ဖော်ပြထားပါသည်။


အသုံးပြုရပါကြောင်း၊ သောက်ရေအတွက် နွေရာသီတွင် (၂၀) လီတာရေဘူး (၁၀၀) ဘူးခန့် အသုံးပြုပြီး ဆောင်းရာသီတွင် ဘူး (၅၀) မှ (၆၀) ခန့်အထိ အသုံးပြုပါကြောင်း၊ အသံဆူညံညစ်ညမ်းမှုကို လျော့ချနိုင်ရန်အတွက် အဆိုပြု စီမံကိန်းသည် မီးစက်ကို သီးခြားအခန်းတစ်ခုဖြင့် ထားရှိပါကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ကျောဇီကျေးရွာအုပ်စု၊ ကွင်းအမှတ် (၈၃၇-ဂ)၊ ကျောဇီအနောက်ကွင်း၊ ဦးပိုင်အမှတ် (၉၂/၁၊ ၉၃၊ ၉၄/ ၁၊ ၉၄/၂၊၉၄/၃)တွင်တည်ရှိပါသည်။

**MCCM Co.,Ltd ၏ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ကျောဇီ ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၈၃၇-ဂ)၊ ကျောဇီအနောက်ကွင်း၊ ဦးပိုင်အမှတ် (၉၂/၁၊ ၉၃၊ ၉၄/ ၁၊ ၉၄/၂၊၉၄/၃)တွင် ဆောင်ရွက်လျက်ရှိသည့် အသေးစားရေနံချက်စက်ရုံလုပ်ငန်း၏ တည်နေရာပြမြေပုံ**



**MCCM Co.,Ltd ၏ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ကျောဇီ ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၈၃၇-ဂ)၊ ကျောဇီအနောက်ကွင်း၊ ဦးပိုင်အမှတ် (၉၂/၁၊ ၉၃၊ ၉၄/ ၁၊ ၉၄/၂၊၉၄/၃)တွင် ဆောင်ရွက်လျက်ရှိသည့် အသေးစားရေနံချက်စက်ရုံလုပ်ငန်း၏ အကွက်ချမြေပုံ**






# MCCM Co.,Ltd ၏ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ကျောဇီ ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၈၃၇-ဂ)၊ ကျောဇီအနောက်ကွင်း၊ ဦးပိုင်အမှတ် (၉၂/၁၊ ၉၃၊ ၉၄/ ၁၊ ၉၄/၂၊၉၄/၃)တွင် ဆောင်ရွက်လျက်ရှိသည့် အသေးစားရေနံချက်စက်ရုံလုပ်ငန်း၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်ပုံ



နောက်ဆက်တွဲ (ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များ နှင့် အထွေထွေစည်းကမ်းများ**
**ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာအရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ MCCM Co.,Ltd မှ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ကျောဇီကျေးရွာ အုပ်စု၊ ကွင်းအမှတ် (၈၃၇-ဂ)၊ ကျောဇီအနောက်ကွင်း၊ ဦးပိုင်အမှတ် (၉၂/၁၊ ၉၃ ၊၉၄/၁ ၊၉၄/၂၊ ၉၄/၃)တွင်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် အသေးစားရေနံချက်စက်ရုံလုပ်ငန်း စီမံကိန်း အတွက် မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၂၉-၁၁-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၂/၆/၇ အီးအိုင်အေ (၂၆၀၂/၂၀၂၄) တင်ပြထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာတွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** အဆိုပြုစီမံကိန်းသည် အသေးစား ရေနံချက် လုပ်ခြင်း လုပ်ငန်းဆောင်ရွက်သည့် လုပ်ငန်းဖြစ်ပြီး ပထမဦးစွာ ရောက်ရှိလာသော ရေနံဆီကုန်ကြမ်းများကို အလေးချိန် ချိန်ပြီး ပဏာမသိုလှောင်ကန်သို့ ပို့ဆောင်ခြင်း၊ ထိုကန်အတွင်း၌ ရေနံဆီများခဲမသွားစေရန်နှင့် ပါဝင်လာသော ရေများအား ဖယ်ရှား ရန် ၅၀ ဒီဂရီစင်တီဂရိတ်ဖြင့် အပူပေးထားခြင်း၊ ထို့နောက် ပိုက်လိုင်းများမှ တစ်ဆင့် (၄) လုံးသော ဆိုင်လိုများဆီသို့ ပို့ဆောင်ပြီး ထို ဆိုင်လို(၄)လုံးထဲတွင်လည်း ကုန်ကြမ်းများကို (၅၀) ဒီဂရီစင်တီဂရိတ်ဖြင့် အပူပေးအနည်ထိုင်စေပြီး ဆိုင်လိုများမှ ဆီကုန်ကြမ်းများအား အနည်စစ်ဇကာ (၂) ခုကို ဖြတ်သန်းစေပြီး ရေနှင့် အနည်များကို ဇကာဖြင့် သန့်စင်၍ Circular Crude Oil Drum သို့ ပို့ဆောင်ခြင်း၊ Circular Crude Oil Drum မှ သန့်စင်ပြီးသော ကုန်ကြမ်းရေနံဆီများကို မီးဖိုသို့ပို့ဆောင်ပြီး (၃၃၅) ဒီဂရီ စင်တီဂရိတ်တွင် အပူပေး ချက်လုပ်ပါသည်။ ဓာတ်ဆီချက်လုပ်ရန် အပူချိန်သည် (၈၀) မှ (၁၈၀) ဒီဂရီစင်တီဂရိတ်လိုအပ်ပြီး ဒီဇယ်ချက်လုပ်ရန် (၁၈၀) မှ (၃၃၅) ဒီဂရီစင်တီ ဂရိတ် လိုအပ်ခြင်း၊ မီးဖိုနှင့် Distillation Column မှ ထွက်လာသော ရေနံဆီအငွေ့များ သည် Condenser တွင် ငွေ့ရည်ဖွဲ့ပြီး ရရှိလာသော ဓာတ်ဆီနှင့် ဒီဇယ်များကို

Overhead Receiving Tank တွင် သိုလှောင်ခြင်း၊ ငွေ့ရည်ဖွဲ့မှု မရရှိသော အငွေ့များကို Circular Crude Oil Drum သို့ ထပ်မံပို့ဆောင်ပြီး Overhead Receiving Tank မှ ဆီများကို အရည်အသွေးကောင်းစေရန်နှင့် ဆီအကြွင်းအကျန်များကို ခွဲထုတ်ရန် ဆီလီကာသဲများဖြင့် သန့်စင်ခြင်း၊ ထို့နောက် ကုန်ချောဖြစ်သည့် ဓာတ်ဆီနှင့် ဒီဇယ်များကို သိုလှောင်ကန်အသီးသီးသို့ ပို့ဆောင်သိုလှောင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု**။ စီမံကိန်းတည်ဆောက်ခြင်းနှင့် ဖျက်သိမ်းခြင်း ကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေဖြန်းပေးခြင်းဖြင့် ဖုန်မှုန့်ထွက်ရှိခြင်းကို (၇၀) ရာခိုင်နှုန်းအထိ လျှော့ချနိုင်သောကြောင့် ခင်းထားသောလမ်းများနှင့် ဆောက်လုပ်ဆဲ နေရာများကို တစ်နေ့လျှင် အနည်းဆုံး (၂)ကြိမ် ရေဖြန်းပေးခြင်း၊ အထူးသဖြင့် ခြောက်သွေ့ရာသီတွင် ရေဖြန်းပေးရန်၊

(၂) သွားလာနေသောယာဉ်များကြောင့် ဖုန်မှုန့်ထွက်ရှိကို လျှော့နည်းစေရန် အတွင်း လမ်းများအား ထိန်းသိမ်းရန်၊

(၃) ဖုန်မှုန့်ထွက်ရှိကို (၅၀) ရာခိုင်နှုန်း လျှော့ချနိုင်ရန် ထရပ်ကားများအတွက် ကန့်သတ် အမြန်နှုန်းအား တစ်နာရီ (၃၀) ကီလိုမီတာမှ တစ်နာရီ (၁၅) ကီလိုမီတာသို့ လျှော့ချ၍ မောင်းနှင်စေရန်၊

(၄) ယာဉ်များနှင့် အခြားလောင်စာဆီသုံး စက်ယန္တရားများကို စနစ်တကျ လည်ပတ်ခြင်းနှင့် ထိန်းသိမ်းခြင်းဖြင့်သွားလာနေသော ယာဉ်များမှ ထုတ်လွှတ်သော အမှုန်အမွှားများ၊ ဆာလဖာဒိုင်အောက်ဆိုဒ်၊ နိုက်ထရိုဂျင်ဒိုင် အောက်ဆိုဒ်နှင့် ဟိုက်ဒရိုကာဗွန်များကို လျှော့ချနိုင်ရန်။

(ဃ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု**။ စီမံကိန်းလည်ပတ်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အစိုဓာတ်မြင့်တက်စေရန် တစ်နေ့လျှင် အနည်းဆုံး တစ်ကြိမ် ရေဖြန်းရန်၊ (မနက် သို့မဟုတ် ညနေတွင် ရေဖြန်းရန်)

(၂) စီမံကိန်းဇုန်များတွင် လုပ်ငန်းသုံး ယာဉ်များ လည်ပတ်သည့်အခါ စက်ကိရိယာများနှင့် ယာဉ်များကို ပုံမှန်ထိန်းသိမ်းရန်၊

(၃) ရုံးခန်းအတွင်း တပ်ဆင်ထားသော လေဝင်လေထွက်စနစ် (အထူးသဖြင့် လေအေးပေးစနစ်၊ ပန်ကာများနှင့် ပြတင်းပေါက်များ) ကို ပုံမှန် ထိန်းသိမ်းရန်၊

(၄) စောင့်ကြပ်ကြည့်ရှုခြင်း အစီအစဥ်တွင် ဖော်ပြထားသော လေအရည်အသွေးများ ဖြစ်သည့် (PM2.5 and PM10, TSP, SO2, NO2, CO2, VOC, O3) များကို ပုံမှန်စောင့်ကြပ်ကြည့်ရှုရန်။

(င) **ရေအရည်အသွေးစီမံခန့်ခွဲမှု**။ စီမံကိန်းတည်ဆောက်ခြင်းနှင့် ဖျက်သိမ်းခြင်း ကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ပါမည်-

(၁) တည်ဆောက်ခြင်းကာလအတွင်း အကျိုးသက်ရောက်မှုများသော ရေနုတ်မြောင်းများနှင့် အနီးပတ်ဝန်းကျင်ရှိ ရေစီးကြောင်းများပေါ် စိမ့်ဝင်မှုမရှိစေရန် ရေသိုလှောင်ရန်အတွက် အနည်စစ်ကန် အသုံးပြုခြင်းကဲ့သို့ သင့်လျော်သော ရေစီမံခန့်ခွဲမှုစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၂) ရေဆိုးထွက်ရှိခြင်းကို အလွန်အကျွံမဖြစ်စေရန် ပြုလုပ်ရန်၊

(၃) မလိုအပ်သော ရေဆိုးထွက်ရှိခြင်းကို လျှော့ချနိုင်ရန် ဖြစ်နိုင်လျှင် ရေမီတာကို အသုံးပြုရန်၊

(၄) အမှိုက်စွန့်ပစ်ရာနေရာမှ ရေစိမ့်ဝင်မှုမရှိစေရန် စနစ်တကျ ဆောင်ရွက်ရန်၊

(၅) ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ လောင်စာဆီ၊ စက်သုံးဆီနှင့် ချောဆီတို့ ယိုစိမ့်မှုမရှိစေရန် ဆောင်ရွက်ရန်၊

(၆) မိလ္လာကန်များမှ ရေဆိုးများ မယိုစိမ့်စေရန် ဆောင်ရွက်ရန်၊

(၇) အိမ်သာများဖြို့ဖျက်ခြင်းမှ ထွက်ရှိသော ရေဆိုးနှင့် ယာယီအိမ်သာများမှ ထွက်ရှိသော ရေဆိုးများကို စည်ပင်သာယာရေးကော်မတီနှင့် ချိတ်ဆက်၍ စွန့်ပစ်ရန်။

(စ) **ရေအရည်အသွေးစီမံခန့်ခွဲမှု**။ စီမံကိန်းလည်ပတ်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်မည်-

(၁) စီမံကိန်းဧရိယာတွင် အသုံးပြုသော ရေပမာဏကို အနည်းဆုံး ဖြစ်အောင် လျှော့ချရန်၊

(၂) မလိုအပ်သော ရေဆိုးထုတ်လုပ်မှုကို ထိန်းချုပ်ရန် ဖြစ်နိုင်လျှင် ရေမီတာကို အသုံးပြုရန်၊

(၃) ရေနုတ်မြောင်းနှင့် ရေဆိုးမြောင်းအတွက် ပိုက်လိုင်းစနစ်တို့ကို သီးသန့်ခွဲထားရန်နှင့် မြေမျက်နှာပြင်ပေါ် စိမ့်ထွက်မှုမရှိစေရန် ဆောင်ရွက်ရန်၊

(၄) ရေဆိုးယိုစိမ့်မှုမရှိစေရန် မိလ္လာကန်ကို ပုံမှန်စစ်ဆေးပေးရန်၊

(၅) စီမံကိန်းဧရိယာရှိ ရေမြောင်းများအားလုံးကို ပုံမှန်သန့်ရှင်းပေးခြင်းနှင့် စစ်ဆေးပေးရန်၊

(၆) ရေဆိုးများကို ရေဆိုးမြောင်းထဲသို့ မစွန့်ပစ်မီ ရေသန့်စင်စနစ် ပြုလုပ်ရန်။

(ဆ) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ခြင်းနှင့် ဖျက်သိမ်းခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ပါမည်-

(၁) ဆောက်လုပ်ရေးသုံး ယာဉ်များကို ကောင်းမွန်အောင် ထိန်းသိမ်းခြင်းသည် စီမံကိန်းတည်ဆောက်ရေး လုပ်ငန်းခွင်သို့ လာရောက်လည်ပတ်သူများနှင့် ဝန်ထမ်းများ၏ ယာဉ်များမှ ဆီယိုဖိတ်မှုကို လျှော့ချခြင်းဖြင့် မြေဆီလွှာညစ်ညမ်းမှုကို ကာကွယ်ရန်၊

(၂) မြေဆီလွှာညစ်ညမ်းမှုမှ ကာကွယ်ရန် လုပ်ငန်းခွင်သုံး ယာယီ အိမ်သာများနှင့် ဆောက်လုပ်ရေးစခန်းများမှ ရေဆိုးများကို လက်ခံပြီး သန့်စင်ရန်အတွက် လုံလောက်သော မိလ္လာကန်များကို ဆောက်လုပ်ရန်၊

(၃) ဆောက်လုပ်ရေးနှင့်ဖျက်သိမ်းရေးလုပ်ငန်းနေရာမှ ရေဆိုးစွန့်ပစ်ခြင်းကို ပုံမှန်စစ်ဆေးရန်။

(ဇ) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** စီမံကိန်းလည်ပတ်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ပါမည်-

(၁) ကုမ္ပဏီပိုင် ယာဉ်များ၏အင်ဂျင်များကို ထိန်းသိမ်းပြုပြင်ခြင်းသည် ဆီယိုဖိတ်မှုကို ကာကွယ်ပေးနိုင်ပြီး သင့်လျော်သော စီမံခန့်ခွဲမှုသည် ဧည့်သည်များနှင့် နေထိုင်သူများ၏ ယာဉ်များမှ ဆီအလေအလွင့် ဖြစ်မှုကို ကာကွယ်ပေးနိုင်ရန်၊

(၂) ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သည့်အခါ စက်သုံးဆီနှင့် သုတ်ဆေးများ ယိုဖိတ်မှုကို ကာကွယ်ရန်။

(၃) ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းအပြီးတွင် စွန့်ပစ်ပစ္စည်းများနှင့် လက်ကျန်သုတ်ဆေးများကို စနစ်တကျ စွန့်ပစ်ရန်၊

(၄) ပတ်ဝန်းကျင်အနီးအနားကို အန္တရာယ်မဖြစ်စေရန် စွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထားသော နေရာတွင်သာ စွန့်ပစ်ရန်။

(ဈ) **ဆူညံသံစီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ခြင်းနှင့် ဖျက်သိမ်းခြင်းကာလအတွက် တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကန်ထရိုက်တာသည် ဆောက်လုပ်ရေးသုံးစက်ပစ္စည်းများကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (၂၀၁၅) ထက် ကျော်လွန်သော ဆူညံမှုအဆင့်များကို လျှော့ချရန် အစီအမံများ ပြုလုပ်ရန်၊

(၂) အနီးနားပတ်ဝန်းကျင်ကို အနှောင့်အယှက်မဖြစ်စေရန် ထရပ်ကားများ သွားလာခြင်းနှင့် ကျယ်လောင်သော ဆူညံသံများ ထွက်ရှိသည့် ဆောက်လုပ်ရေး သုံးပစ္စည်းများကို ညအချိန်၌ အသုံးပြုခြင်းကို ကန့်သတ်ထားရန်၊

(၃) ထိခိုက်လွယ်သော မြေအသုံးပြုမှု၏ မီတာ (၁၅၀) အတွင်း ညအချိန်၌ ဆောက်လုပ်ရေးလုပ်ငန်းများကို တတ်နိုင်သမျှ ရှောင်ကြဉ်ရန်၊

(၄) ဆူညံသံနိမ့်သော စက်ပစ္စည်းကိရိယာများကို အစားထိုးသုံးစွဲရန်၊

(၅) စက်ပစ္စည်းကိရိယာများကို ပုံမှန်စစ်ဆေးပေးခြင်းနှင့် အလှည့်ကျ သုံးစွဲပေးရန်၊

(၆) ထရပ်ကားယာဉ်များကို ညအချိန်၌ ကားဟွန်းအသုံးပြုခြင်း ၊ အသံကျယ်ကျယ် သီချင်းဖွင့်ခြင်း များမပြုလုပ်ရန် ညွှန်ကြားထားရန်။

(ည) **ဆူညံသံစီမံခန့်ခွဲမှု။** စီမံကိန်းလည်ပတ်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံနှင့် တုန်ခါမှုနိမ့်သော စက်ပစ္စည်း ကိရိယာများကို အသုံးပြုရန်၊

(၂) စက်တစ်ခုချင်းစီကို ပုံမှန်စစ်ဆေး၊ ပြုပြင်ထိန်းသိမ်း၍ မှတ်တမ်းတင်ပြီး (လိုအပ်ပါက) အရည်အသွေး ကောင်းမွန်သော ပစ္စည်းများကို ပြောင်းလဲ အသုံးပြုရန်၊

(၃) ဆူညံသံလွန်ကဲသောနေရာများတွင် အလုပ်လုပ်သော အလုပ်သမားများအား နားအကာအကွယ်ပစ္စည်းများ (နားစို့များ (သို့) နားကြပ်များကို လုံလောက်စွာ ထားရှိပေးရန်၊

(၄) အလုပ်သမားများကို အသံဆူညံမှု 85 dB(A) ထက်မြင့်သော နေရာများတွင် နားအကာအကွယ်မပါပဲ တစ်နေ့လျှင် (၈) နာရီထက် ကျော်လွန်၍ ထိတွေ့မှု မရှိစေရန်၊ ထို့အပြင် နားအကာအကွယ် မပါလျှင် 140 dB(C) ထက်မြင့်သော အသံကို (ဆက်တိုက်) နားထောင်ခြင်းမပြုရန်၊

(၅) ဆူညံသံနှင့် တုန်ခါမှုများသော နေရာများတွင် အလုပ်သမားများကို အလှည့်ကျ တာဝန်ပေးရန်။

(ဠ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ခြင်းနှင့် ဖျက်သိမ်းခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြေဆီလွှာအရည်အသွေးနှင့် မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်သော ဒေသမျိုးရင်းအပင်များကို စိုက်ပျိုးရန်၊

(၂) အကယ်၍ စီမံကိန်းဧရိယာအတွင်း ဆောင်းခိုငှက်များနှင့် အခြားတိရစ္ဆာန်များ ဝင်ရောက်ခြင်း၊ နေထိုင်ခြင်းများ ရှိခဲ့လျှင် ဖမ်းဆီးခြင်းများမှ ရှောင်ကြဉ်ပြီး သက်ဆိုင်ရာဌာနနှင့် ပူးပေါင်းကာ လုံခြုံရာနေရာသို့ ရွှေ့ပြောင်းရန်၊

(၃) တိရစ္ဆာန်အမျိုးမျိုးကိုထောင်ဖမ်းခြင်း၊ စုဆောင်းခြင်းနှင့် အမဲလိုက်ခြင်းကို အဆိုပြုပရောဂျက်၏ အဆင့်တိုင်းတွင် ရှောင်ကြဉ်ရန်။

(အ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှု။** စီမံကိန်းလည်ပတ်ခြင်း ကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ပါမည်-

(၁) စီမံကိန်းဧရိယာအတွင်း ငှက်ပစ်ခြင်းနှင့် တိရစ္ဆာန်များကို အမဲလိုက်ခြင်းများကို ရှောင်ကြဉ်ရန်၊

(၂) အကယ်၍ ကျူးကျော်မျိုးစိတ်အပင်များကို စီမံကိန်းအတွင်း အဆောက်အဦးများနှင့် ဥယျာဉ်များအတွင် ရှုခင်းများအတွက် စိုက်ပျိုးခဲ့လျှင် အဆိုပါ မျိုးစိတ်များကို စီမံကိန်းဧရိယာ အပြင်သို့ ပျံ့နှံ့မသွားအောင် ဆောင်ရွက်ရန်၊

(၃) စီမံကိန်းဧရိယာအတွင်းရှိ မျိုးစိတ်များ၏ အသိုက်ပြုလုပ်ခြင်းနှင့် နားခိုခြင်း နေရာဖြစ်နိုင်သော အပင်ကြီးများကို ထိန်းသိမ်းထားရန်၊

(၄) စီမံကိန်းဧရိယာအတွင်းနှင့် အနီးဝန်းကျင်တွင် မျိုးသုဉ်းအန္တရာယ်ရှိမျိုးစိတ်များနှင့် ရှားပါးမျိုးစိတ်များကို စိုက်ပျိုးရန်၊

(၅) စီမံကိန်း၏ တောရိုင်းတိရစ္ဆာန်များ၊ အပင်များအပေါ် အကျိုးသက်ရောက်မှုများအတွက် ရေရှည်စီမံခန့်ခွဲခြင်းအစီအစဉ်တစ်ခု တည်ထောင်ရန်။

(ဍ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တည်ဆောက်ရေးကာလနှင့် ဖျက်သိမ်းခြင်းကာလမှ စွန့်ပစ်အမှိုက်များကို အမှိုက်စို၊ အမှိုက်ခြောက်နှင့် အန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းဟူ၍ အမျိုးအစားခွဲကာ စွန့်ပစ်ရန်၊

(၂) ဆောက်လုပ်ရေးအပျက်အစီးများ၊ ထုပ်ပိုးပစ္စည်းများ၊ အပိုင်းအစများနှင့် သတ္တု အပိုင်းအစများကို မြေကြီးပေါ်တွင် မထားရှိဘဲ စနစ်တကျ စွန့်ပစ်ရန်၊

(၃) ပြန်လည်အသုံးပြုခြင်းနှင့် စွန့်ပစ်ခြင်းတို့ကို ပိုမိုလွယ်ကူစေရန်နှင့် အမျိုးအစား မတူသော စွန့်ပစ်ပစ္စည်းများကြား သက်ရောက်မှု မရှိစေရန်အတွက် အမှိုက် များကို အော်ဂဲနစ်အမှိုက် (စားကြွင်းစားကျန်များ)၊ အန္တရာယ်မရှိသော စွန့်ပစ် ပစ္စည်း (သတ္တု၊ ဖန်၊ ကွန်ကရစ်၊ ပလတ်စတစ်စသည်)၊ ဓာတ်မပြုသော စွန့်ပစ်ပစ္စည်း (မြေသန့်) နှင့် အန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း (အိမ်သုတ်ဆေး၊ ပျော်ရည်၊ ဆီ၊ ဘက်ထရီများ၊ ဆေးဘက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများ) စသည် တို့ကဲ့သို့ သီးခြားစီ ခွဲခြားထားရန်။

(ဃ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု**။ စီမံကိန်းလည်ပတ်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အမှိုက်များကို စုပြီး သတ်မှတ်နေရာတွင် မစွန့်ပစ်မီ သိမ်းဆည်းရာ အခန်းကို သီးသန့်နေရာတစ်ခု ခွဲထားရန်၊

(၂) စွန့်ပစ်ရည်များ ယိုစိမ့်မှုမရှိစေရန် သင့်လျော်သောနေရာ (သို့) အန္တရာယ်မရှိ သော စွန့်ပစ်နေရာတစ်ခု တည်ဆောက်ရန်၊

(၃) အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများနှင့် အန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများ ဟူ၍ ခွဲခြားရန် သတ်မှတ်ထားသော ပုံးများကို အသုံးပြုရန်၊

(၄) စွန့်ပစ်ပစ္စည်းများကို အမျိုးအစားအလိုက် ခွဲခြားပြီးနောက် အမှိုက်ကန်များ အတွင်းသို့ စနစ်တကျ စွန့်ပစ်ရန်၊

(၅) ပြန်လည်အသုံးပြုနိုင်သော အမှိုက်ပုံးများကို ထားရှိရန် လိုအပ်ပြီး ပြန်လည် အသုံးပြုနိုင်သည့် အမှိုက်များကို အမြဲတမ်း စနစ်တကျ အမျိုးအစားခွဲရန်။

(င) **ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်**။ စီမံကိန်းတည်ဆောက်ခြင်း ကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်အတွင်း ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ချမှတ်ထားသည့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက် ရန်၊

(၂) ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း လုံလောက်သော ကျန်းမာရေး စောင့်ရှောက်မှု အစီအမံများ (အရေးပေါ် သူနာပြုစုနည်းများ) ထားရှိရန်၊

(၃) လုပ်သားအားလုံးအတွက် သန့်ရှင်းသော သောက်သုံးရေစီစဉ်ပေးရန်၊

(၄) ဆောက်လုပ်ရေးကာလအတွင်း စီမံကိန်းယာဉ်များအပါအဝင် ယာဉ်မတော်တဆမှုများ လျော့ပါးစေရေး အသိပညာပေးခြင်း ဆောင်ရွက်ရန်၊

(၅) လုပ်ငန်းခွင်သုံးစက်နှင့် မော်တော်ယာဉ်များမှ စက်သုံးဆီများ ယိုစိမ့်မှု ရှိ/မရှိ ပုံမှန်စစ်ဆေးရန်၊

(၆) ဒေသဆိုင်ရာ အရေးပေါ်အာဏာပိုင်များနှင့် ဆေးရုံများ ပူးပေါင်း၍ အရေးပေါ်တုံ့ပြန်ရေး အစီအစဉ်များကို ရေးဆွဲရန်၊

(၇) စီမံကိန်းနှင့်သက်ဆိုင်သည့် သက်ဆိုင်သူ၏ စိုးရိမ်မှုများကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းရန် ရပ်ရွာမကျေနပ်ချက်ဖြေရှင်းရေးအစီအမံကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်။

(ဏ) **ဘေးအန္တရာယ်ရှိသောစွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ခြင်းနှင့် ဖျက်သိမ်းခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ပါမည်-

(၁) တည်ဆောက်ရေးကာလနှင့် ဖျက်သိမ်းခြင်းကာလမှ စွန့်ပစ်အမှိုက်များကို အမှိုက်စို၊ အမှိုက်ခြောက်နှင့် အန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းဟူ၍ အမျိုးအစား ခွဲကာ စွန့်ပစ်ရန်၊

(၂) ဆောက်လုပ်ရေးအပျက်အစီးများ၊ ထုပ်ပိုးပစ္စည်းများ၊ အပိုင်းအစများနှင့် သတ္တုအပိုင်းအစများကို မြေကြီးပေါ်တွင် မထားရှိဘဲ စနစ်တကျ စွန့်ပစ်ရန်၊

(၂) ပြန်လည်အသုံးပြုခြင်းနှင့် စွန့်ပစ်ခြင်းတို့ကို ပိုမိုလွယ်ကူစေရန်နှင့် အမျိုးအစားမတူသော စွန့်ပစ်ပစ္စည်းများကြား သက်ရောက်မှု မရှိစေရန်အတွက် အမှိုက်များကို အော်ဂဲနစ်အမှိုက် (စားကြွင်းစားကျန်များ)၊ အန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်း (သတ္တု၊ ဖန်၊ ကွန်ကရစ်၊ ပလတ်စတစ် စသည်)၊ ဓာတ်မပြုသော စွန့်ပစ်ပစ္စည်း (မြေသန့်) နှင့် အန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း (အိမ်သုတ်ဆေး၊ ပျော်ရည်၊ ဆီ၊ ဘက်ထရီများ၊ ဆေးဘက်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများ) စသည် တို့ကဲ့သို့ သီးခြားစီ ခွဲခြားထားရန်။

(ထ) **ဘေးအန္တရာယ်ရှိသောစွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှု။** စီမံကိန်းလည်ပတ်ခြင်း ကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ပါမည်-

(၁) အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများနှင့် အန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများဟူ၍ ခွဲခြားရန် သတ်မှတ်ထားသော ပုံးများကို အသုံးပြုရန်၊

(၂) စွန့်ပစ်ပစ္စည်းများကို အမျိုးအစားအလိုက် ခွဲခြားပြီးနောက် အမှိုက်ကန်များအတွင်းသို့ စနစ်တကျ စွန့်ပစ်ရန်၊

(၃) ဓာတုပစ္စည်းများ ယိုဖိတ်မှုကို တုံ့ပြန်ရန်အစီအစဉ်တစ်ခုအနေဖြင့် ဓာတုပစ္စည်းများယိုဖိတ်ပါက လွှစာမှုန့်နှင့် သဲတို့ဖြင့် စုပ်ယူရန်၊

(၄) ဘေးအန္တရာယ်ရှိသော ဓာတုပစ္စည်းများကို စနစ်တကျ စွန့်ပစ်ခြင်းနှင့် ဓာတုပစ္စည်းသိုလှောင်ရာအိတ်၊ ပုံး စသည်တို့ဖြင့် သီးခြားသိမ်းဆည်းရန်။

(ဒ) **ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်**။ စီမံကိန်းတည်ဆောက်ခြင်းနှင့် ဖျက်သိမ်းခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ပါမည်-

(၁) ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း လုပ်ငန်းခွင်သုံး လုံခြုံရေးဖိနပ်များ စီးရန်၊

(၂) ပစ္စည်းများအသုံးမပြုမှီ၊ စက်ယန္တယားများ မမောင်းနှင်ခင် ဂရုတစိုက် စစ်ဆေးရန်၊

(၃) ကုန်တင်ကားများဖြင့် မသယ်မီ ပစ္စည်းများအား တင်းကြပ်စွာ ချည်နှောင်ရန်နှင့် ဖုံးအုပ်ရန်၊

(၄) စီမံကိန်းဧရိယာအတွင်းရှိ လမ်းများကို ညီညာပြန့်ပြူးအောင် ပြုလုပ်ထားရန်၊

(၅) ဖုန်မှုန့်ထုတ်လွှတ်မှုမြင့်မားသော လုပ်ငန်းခွင်အတွက် နှာခေါင်းစည်းနှင့် မျက်မှန်များ တပ်ဆင်ရန်၊

(၆) စက်ယန္တရားများကို မလိုအပ်ဘဲ ဖွင့်ထားခြင်းများ မကျန်အောင် စစ်ဆေးပါ၊

(၇) လုံလောက်သောသောက်ရေများနှင့် ဓာတ်ဆားများ ထောက်ပံ့ပေးရန်၊

(၈) နေရောင်အောက်တွင်အလုပ်လုပ်ရလျှင် ဦးထုပ်၊ ဘောင်းဘီရှည်၊ လက်ရှည်များ ဝတ်ဆင်ရန်၊

(၉) ရေမသန့်ရှင်းရာမှဖြစ်ပေါ်သော ဝမ်းပျက်ဝမ်းလျှောရောဂါများကိုကာကွယ်ရန် သန့်ရှင်းသောသောက်ရေများ ထောက်ပံ့ပေးရန်၊

(၁၀) ဆပ်ပြာများ၊ လက်သန့်ဆေးများ၊နှာခေါင်းစည်းများနှင့် ဓာတ်ဆားများထားရှိပေးရန်၊

(၁၁) လုပ်ငန်းခွင်အနီးရှိ ဖုန်ထူသောနေရာနှင့် ယာဉ်သွားလာမှုများပြားသော လမ်းများအနီးတွင် တစ်နေ့လျှင် နှစ်ကြိမ် ရေဖြန်းပေးရန်၊

(၁၂) လေပြင်းနှင့် ဖုန်ထူသောနေရာများတွင် အစိမ်းရောင် ဇကာအထည်ဖြင့် ကာကွယ်ရန်။

(ဓ) **ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်**။ စီမံကိန်းလည်ပတ်ခြင်းကာလအတွက် တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ပါမည်-

(၁) ဖြပေထက်မြင့်သော နေရာများတွင် အလုပ်လုပ်နေစဉ် လုံခြုံရေးဖိနပ်၊ ဦးထုပ်နှင့် ခါးပတ်များ အသုံးပြုရန်၊

(၂) လျှပ်စစ်ပညာရှင်များဖြင့် အကြံပြုချက်များ ရယူပြီး လျှပ်စစ်ပစ္စည်းများ ထိန်းသိမ်းရန်၊

(၃) လျှပ်စစ်ပစ္စည်းများနှင့် လျှပ်စစ်ကြိုးများအား ပျက်စီးလျှင် ချက်ချင်းပြုပြင်ရန်၊

(၄) ဖြစ်ပေါ်နိုင်သော အန္တရာယ်သတိပေးဆိုင်းဘုတ်များထားရှိရန်၊

(၅) လုပ်ငန်းခွင်၏အများသုံးနေရာများတွင် အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ ထားရှိရန်။

(၆) ဖုန်မှုန့်ထုတ်လွှတ်မှုမြင့်မားသောလုပ်ငန်းခွင်အတွက် နှာခေါင်းစည်းနှင့် မျက်မှန်များ တပ်ဆင်ရန်၊

(၇) စက်ယန္တရားများကို မလိုအပ်ဘဲ ဖွင့်ထားခြင်းများ မကျန်အောင် စစ်ဆေးပါ၊

(၈) လုံလောက်သောသောက်ရေများနှင့် ဓာတ်ဆားများ ထောက်ပံ့ပေးရန်၊

(၉) နေရောင်အောက်တွင်အလုပ်လုပ်ရလျှင် ဦးထုပ်၊ ဘောင်းဘီရှည်၊ လက်ရှည်များ ဝတ်ဆင်ရန်၊

(၁၀) ရေမသန့်ရှင်းရာမှဖြစ်ပေါ်သော ဝမ်းပျက်ဝမ်းလျှောရောဂါများကိုကာကွယ်ရန် သန့်ရှင်းသော သောက်ရေ များ ထောက်ပံ့ပေးရန်၊

(၁၁) ဆပ်ပြာများ၊လက်သန့်ဆေးများ၊နှာခေါင်းစည်းများနှင့် ဓာတ်ဆားများ ထားရှိပေးရန်၊

(၁၂) လုပ်ငန်းခွင်အနီးရှိ ဖုန်ထူသောနေရာနှင့် ယာဉ်သွားလာမှုများပြားသော လမ်းများအနီးတွင် တစ်နေ့လျှင် နှစ်ကြိမ် ရေဖြန်းပေးရန်၊

(၁၃) လေပြင်းနှင့် ဖုန်ထူသောနေရာများတွင် အစိမ်းရောင်ဇကာ အထည်ဖြင့် ကာကွယ်ရန်။

(န) **သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု**။ စီမံကိန်းတည်ဆောက်ခြင်းနှင့် လည်ပတ်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လူတစ်ဦးချင်းစီ၏ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရေးနှင့် ကယ်ဆယ်ရေးအတွက် အရေးပေါ်အစီအစဉ်ကို ရေးဆွဲပြီး လိုက်နာဆောင်ရွက်ရန်၊

(၂) အရေးပေါ်ဆေးသေတ္တာများ (First-Aid Box) များစီစဉ်ထားရှိရန်၊

(၃) အရေးပေါ်အခြေအနေအတွက် ဆေးခန်း သို့မဟုတ် အနီးဆုံးဆေးရုံသို့ ပို့ဆောင်ရန် စီဆောင်ရွက်ထားရှိရန်၊

(၄) အရေးပေါ်အခြေအနေအတွက် ဆေးခန်း သို့မဟုတ် အနီးဆုံးဆေးရုံသို့ ပို့ဆောင်ရန် စီဆောင်ရွက်ထားရှိရန်၊

(၅) မြေအောက်ရေရုတ်တရက်တက်လာခြင်း၊ ကျောက်တုံးများနှင့် မြေဆီလွှာ များ ပျော့ပြောင်းခြင်း စသည့် ငလျင်၏ ရှေ့ပြေး နိမိတ်များ အားသိရှိနိုင်ရန် ရေရှည်နှင့် ရေတိုငလျင် စောင့်ကြည့်ရေးစနစ် သို့မဟုတ် ငလျင်သတိပေးသည့် စနစ်အား တပ်ဆင်အသုံးပြုရန်၊

(၆) ဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ခြေ ကို သိရှိနိုင်ရန်အတွက် မိုးလေဝသသတင်း များအား စောင့်ကြည့်နား ထောင်ရန်၊

(၇) မြေအောက်ရေ ထုတ်ယူသုံးစွဲရာတွင် ရေစုပ်ယူစမ်းသပ်ချက် ရလာဒ်များကို ကျော်လွန်၍ အသုံးမပြုရန်။

(ပ) **မီးဘေးအန္တရာယ်ကာကွယ်ခြင်းအစီအစဉ်**။ စီမံကိန်းတည်ဆောက်ခြင်း ကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုံလောက်သော မီးဘေးကာကွယ်ရေးပစ္စည်းများ၊ မီးသတ်ဆေးဘူးများ ထောက်ပံ့ပေးရန်၊

(၂) မီးလောင်နိုင်သော အမှိုက်သိုလှောင်သည့်နေရာနှင့် လောင်စာဆီ သိုလှောင် သော နေရာများတွင် ဆောင်ရန်၊ ရှောင်ရန်အချက်များအား အသိပေးရန်၊

(၃) လောင်စာဆီသိုလှောင်သည့်နေရာသို့ လူတစ်ဦးတည်းသာ ဝင်ရောက်ခွင့်ပြု ရန်၊

(၄) ပေါက်ပြဲပျက်စီးနေသော ဝါယာကြိုးများ၊ လျှပ်စစ်ပစ္စည်းများရှိလျှင် ကျွမ်းကျင် ပညာရှင်ဖြင့် ချက်ချင်း ပြုပြင်ရန်။

(ဖ) **မီးဘေးအန္တရာယ်ကာကွယ်ခြင်းအစီအစဉ်**။ စီမံကိန်းလည်ပတ်ခြင်း ကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုံလောက်သော မီးဘေးကာကွယ်ရေးပစ္စည်းများ၊ မီးသတ်ဆေးဘူးများ ထောက်ပံ့ပေးရန်၊

(၂) မီးလောင်လွယ်သောအမှိုက်များအား ခွဲခြား၍ ပုံမှန်စွန့်ပစ်စေရန်၊

(၃) အရေးပေါ်အခြေအနေများအတွက် (၆) လ လျှင် တစ်ကြိမ် မီးသတ်လေ့ကျင့် မှုများ လုပ်ဆောင်ရန်၊

(၄) လောင်စာဆီသိုလှောင်သောနေရာ၊ မီးစက်နေရာများကဲ့သို့ မီးလောင်နိုင်သော နေရာများတွင် သတိပေးဆိုင်းဘုတ်များ ကပ်ထားရန်၊

(၅) စီမံကိန်းဧရိယာအတွင်း အများမြင်သာသော နေရာများတွင် အရေးပေါ် ဆက်သွယ်ရန် ဖုန်းနံပါတ်များကို ထားရှိရန်။

(ဗ) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်**။ စီမံကိန်းတည်ဆောက်ခြင်းနှင့် ဖျက်သိမ်းခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ပါမည်-

(၁) အရေးပေါ်လေ့ကျင့်မှု လုပ်ငန်းစဉ်များကို လုပ်ဆောင်ရန်၊

(၂) အသိပညာပေးခြင်းနှင့် သင်တန်းပေးခြင်း၊

(၃) အရေးပေါ်အခြေအနေတွင် ဆက်သွယ်ရမည့် အဖွဲ့အစည်းများ၏ လိပ်စာများ၊ ဖုန်းနံပါတ်များကို အလွယ်တကူရရှိနိုင်အောင် စီစဉ်ထားရန်၊

(၄) အရေးပေါ်အခြေအနေအတွက် စုဝေးနေရာများ သတ်မှတ်ရန်၊

(၅) အရေးပေါ်စုဝေးနေရာများသည် သစ်ပင်များ၊ တိုင်များနှင့် ပြိုကျနိုင်သည့် အဆောက်အဦးများနှင့် ဝေးကွာသောနေရာတွင် ထားရှိရန်၊

(၆) အရေးပေါ်အခြေအနေဖြစ်ပွားချိန်တွင် လုပ်ဆောင်နေသည်များကို ရပ်တန့်ပြီး စုဝေးနေရာများသို့ စနစ်တကျသွားရောက်ရန်၊

(၇) အရေးပေါ်တုံ့ပြန်မှုအစီအစဉ်အတွက် လေ့ကျင့်ရေးလှုပ်ရှားမှုများကို တစ်နှစ်လျှင် နှစ်ကြိမ် ပုံမှန်လေ့ကျင့်ရန်၊

(၈) အရေးပေါ်အခြေအနေတွင် ဆက်သွယ်ရမည့် ဆေးရုံများ၊ မီးသတ်ဌာနနှင့် အခြား သက်ဆိုင်ရာအဖွဲ့အစည်းများ၏ လိပ်စာများ၊ ဖုန်းနံပါတ်များကို အလုပ်သမားများ အလွယ်တကူမြင်နိုင်သည့် နေရာတွင် ထားရှိရန်၊

(၉) အရေးပေါ်အခြေအနေတွင် အရေးပေါ်ထွက်ခွာမည့် မြေပုံနှင့် စုဝေးနေရာများကို စီမံကိန်း ဧရိယာအတွင်းဖော်ပြထားရန်၊

(ဘ) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်**။ စီမံကိန်းလည်ပတ်ခြင်း ကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ပါမည်-

(၁) အရေးပေါ်လေ့ကျင့်မှု လုပ်ငန်းစဉ်များကို လုပ်ဆောင်ရန်၊

(၂) အသိပညာပေးခြင်းနှင့် သင်တန်းပေးခြင်း၊

(၃) အရေးပေါ်အခြေအနေတွင် ဆက်သွယ်ရမည့် အဖွဲ့အစည်းများ၏ လိပ်စာများ၊ ဖုန်းနံပါတ်များကို အလွယ်တကူရရှိနိုင်အောင် စီစဉ်ထားရန်၊

(၄) အရေးပေါ်အခြေအနေအတွက် စုဝေးနေရာများ သတ်မှတ်ရန်၊

(၅) အရေးပေါ်စုဝေးနေရာများသည် သစ်ပင်များ၊ တိုင်များနှင့် ပြိုကျနိုင်သည့် အဆောက်အဦးများနှင့် ဝေးကွာသောနေရာတွင် ထားရှိရန်၊

(၆) အရေးပေါ်အခြေအနေဖြစ်ပွားချိန်တွင် လုပ်ဆောင်နေသည်များကို ရပ်တန့်ပြီး စုဝေးနေရာများသို့ စနစ်တကျသွားရောက်ရန်၊

(၇) အရေးပေါ်တုံ့ပြန်မှုအစီအစဉ်အတွက် လေ့ကျင့်ရေးလှုပ်ရှားမှုများကို တစ်နှစ်လျှင် နှစ်ကြိမ် ပုံမှန်လေ့ကျင့်ရန်၊

(၈) အရေးပေါ်အခြေအနေတွင် ဆက်သွယ်ရမည့် ဆေးရုံများ၊ မီးသတ်ဌာနနှင့် အခြား သက်ဆိုင်ရာအဖွဲ့အစည်းများ၏ လိပ်စာများ၊ ဖုန်းနံပါတ်များကို အလုပ်သမားများ အလွယ်တကူမြင်နိုင်သည့် နေရာတွင် ထားရှိရန်၊

(၉) အရေးပေါ်အခြေအနေတွင် အရေးပေါ်ထွက်ခွာမည့် မြေပုံနှင့် စုဝေးနေရာများကို စီမံကိန်း ဧရိယာအတွင်းဖော်ပြထားရန်။

(မ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုအရည်အသွေးအား ($PM_{10}$ and $PM_{2.5}$, TSP, $SO_2$, $NO_2$, $CO_2$, CO, VOCs, $O_3$) အရည်အသွေးများအား စီမံကိန်းအတွင်း ၃နေရာတွင် ၂၄နာရီတိုင်းတာပြီး ၁နှစ်လျှင် ၁ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၂) စွန့်ပစ်ရေအရည်အသွေးအား (pH, TSS, BOD, COD, Total Phosphorous, Lead, Oil & Grease, Total Nitrogen, Dissolved Oxygen, Chromium) အရည်အသွေးများကို လုပ်ငန်းလည်ပတ်ရာမှ ထွက်ရှိလာသည့် စွန့်ပစ်ရေဆိုး ထွက်ရှိသည့်နေရာတွင် ၁နှစ်လျှင် ၂ကြိမ် တိုင်းတာ စစ်ဆေးရန်၊

(၃) ဆူညံသံအား စီမံကိန်းဧရိယာအတွင်း ၁နေရာတွင် ၂၄နာရီတိုင်းတာပြီး ၁နှစ်လျှင် ၂ ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၄) အနံ့အရည်အသွေးအား မီးဖိုမီးခိုးခေါင်းတိုင်တွင် ၁နှစ်လျှင် ၂ကြိမ် တိုင်းတာ စစ်ဆေးရန်၊

(၅) စွန့်ပစ်အမှိုက်နှင့် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းထွက်ရှိမှုအား စီမံကိန်း ဧရိယာအတွင်း အမှိုက်စွန့်ပစ်သည့်နေရာတွင် နေ့စဉ်စစ်ဆေးရန်၊

(၆) တုန်ခါမှုအား မီးစက်နေရာတွင် ၁နှစ်လျှင် ၂ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၇) မြေဆီလွှာ အရည်အသွေးအား (pH, Moisture %, Total Nitrogen) အရည်အသွေးအား စွန့်ပစ်ရေနောက်ဆုံးစွန့်ထုတ်ရာနေရာတွင် ၁ နှစ်လျှင် ၂ ကြိမ်တိုင်းတာစစ်ဆေးရန်၊

(၈) မီးခိုးခေါင်းတိုင်မှ ဓါတ်ငွေ့ထုတ်လွှတ်မှု ($CH_4$, $H_2S$, $NO$, $NH_3$, $CO$, $O_2$, $SO_2$ ) အရည်အသွေးအား စီမံကိန်းအတွင်း ၂နေရာတွင် ၁ နှစ်လျှင် ၂ ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၉) လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် လုပ်ငန်းခွင်အတွင်းတစ်ကိုယ်ရေသုံး ကာကွယ်ရေးပစ္စည်းများ ထောက်ပံ့ပေးခြင်း (သို့) ထောက်ပံ့ထားသော အကာအကွယ်ပစ္စည်းများ ဝတ်ဆင်ခြင်း ရှိမရှိ စစ်ဆေးခြင်း၊ အလုပ်တက်ရောက်သူ မှတ်တမ်းများ ထားရှိခြင်း၊ ဘေးအန္တရာယ် အသိပေးဆိုင်းဘုတ် များထားရှိခြင်း၊ အရေးပေါ်ဆက်သွယ်နိုင်ရန် ဖုန်းနံပါတ်များ ကပ်ထားခြင်း တို့ကို စီမံကိန်းဧရိယာအတွင်း လစဉ်စစ်ဆေးရန်၊

(၁၀) မီးဘေးအန္တရာယ်အတွက် မီးသတ်ဆေးဘူးများ၏ ဖိအားအတိုင်းအတာနှင့် အဖွင့်အပိတ်ခလုတ်များ၊ မီးသတ်ဆေးဘူးများကို မီးလောင်လွယ်သည့်နေရာများတွင်ထားရှိခြင်း၊ မီးသတ်ကိရိယာများ (မီးသတ်ဆေးဘူး၊ မီးသတ်ပိုက်၊ မီးသတ်ရေငုတ်) များကို အလုံအလောက်ထားရှိခြင်း၊ မီးသတ်ကားဝင်ရောက်နိုင်ရန်အတွက် စီမံကိန်းအဝင်ပေါက်များကို ရှင်းလင်းထားခြင်းတို့ကို စီမံကိန်းဧရိယာအတွင်း ၁ နှစ်လျှင် ၂ ကြိမ် စစ်ဆေးရန်၊

(၁၁) အရေးပေါ်အန္တရာယ်များအတွက် အရေးပေါ်အစီအစဉ်များကို လေ့ကျင့်ခြင်း (Emergency Drill)၊ အသိပညာပေးခြင်းနှင့် သင်တန်းပေးခြင်း၊ အရေးပေါ်ဆက်သွယ်ရမည့်အဖွဲ့ အစည်းများ၏ လိပ်စာ၊ ဖုန်းနံပါတ်များအား အလွယ်တကူထားရှိခြင်းတို့အား စီမံကိန်းဧရိယာအတွင်း ၁ နှစ်လျှင် ၂ ကြိမ် စစ်ဆေးရန်။

(ယ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအစီအစဉ်အတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ရ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့်ပတ်သက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ချိတ်ဆက် ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီးအကြံပြုချက်များအား ညှိနှိုင်းဆောင်ရွက်ရန်။

(လ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာအတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား တစ်ဖက်ပါ ကတိကဝတ်အတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ပါမည်-

(၁) ထိခိုက်နိုင်မှုများအပေါ် လျော့ပါးစေရေး ဆောင်ရွက်မည့် အစီအစဉ်အတွက် လျာထားအသုံးစရိတ် (၆,၅၀၀,၀၀၀)ကို လျာထားသုံးစွဲရန်၊

(၂) စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် လျာထားအသုံးစရိတ် (၉,၀၀၀,၀၀၀) ကို လျာထားသုံးစွဲရန်၊

(၃) စီမံကိန်းအဆိုပြုသူမှ CSR လုပ်ငန်းများအတွက် လျာထားအသုံးစရိတ် (၈,၅၀၀,၀၀၀)ကို လျာထားသုံးစွဲရန်။

(ဝ) **နစ်နာမှုများအတွက် တိုင်ကြားခြင်းဆိုင်ရာ ဖြေရှင်းပေးခြင်းအစီအစဉ်။** နစ်နာမှုများအတွက် တိုင်ကြားခြင်းဆိုင်ရာ ဖြေရှင်းပေးခြင်းနှင့်စပ်လျဉ်း၍ ကတိကဝတ်တွင် ဖော်ပြချက်နှင့်အညီ ဆောင်ရွက်သွားရမည်။

(သ) **မြင်ကွင်းပသာဒဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်။** စီမံကိန်းကြောင့် မြင်ကွင်းပသာဒအပေါ် ထိခိုက်မှုလျော့ပါးစေရေး ဆောင်ရွက်မည့် အစီအစဉ်နှင့်စပ်လျဉ်း၍ အပင်များကို ခုတ်ထွင်ရှင်းလင်းမှုကို လျှော့ချခြင်း၊ သစ်ပင်ကြီးများရှိနေလျှင် ချန်ထားခြင်း၊ ဖြစ်နိုင်လျှင် ရှင်းလင်းခံရသောအပင်များကို လျော်ကြေးပေးခြင်းများ ဆောင်ရွက်ရမည်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူလုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ပျက်စီးမှုများမဖြစ်မီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ရန်၊

(၂) ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၃) လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များဆောင်ရွက်ထားရှိရန်၊

(၄) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များ စုစည်းခြင်းနှင့် ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လေဟာပြင်မီးရှို့မှုများ မပြုလုပ်ရန်၊

(၆) စွန့်ပစ်ပစ္စည်းများအားသက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသောနေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၇) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိ ဆောင်ရွက်ရန်၊

(၉) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများနှင့် စီမံကိန်းလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၁၀) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(၁၁) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းစည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စီမံကိန်းနှင့် အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်၊

(၄) စွန့်ထုတ်အရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂.၁.၆ ပါ ရေနံချက်စက်ရုံလုပ်ငန်းဆိုင်ရာ စွန့်ထုတ်အရည်နှင့် ထုတ်လွှတ်အခိုးအငွေ့ အဆင့်သတ်မှတ်ချက်များနှင့် အပိုဒ်(၂.၁.၉)ပါ ရေနံစိမ်းနှင့် ရေနံထုတ်ကုန် သယ်ပို့သိုလှောင်စခန်းလုပ်ငန်းဆိုင်ရာစွန့်ထုတ်အရည်အဆင့် သတ်မှတ်ချက်များပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၅) အနီးပတ်ဝန်းကျင်ရေအရည်အသွေးစံနှုန်းများနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အနီးပတ်ဝန်းကျင် ရေအရည်

အသွေးဆိုင်ရာ စံနှုန်းများထုတ်ပြန်ပါက ၎င်းစံနှုန်းများအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန်၊

(၆) သောက်သုံးရေအရည်အသွေးစံနှုန်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အမျိုးသားသောက်သုံးရေ ဆိုင်ရာအရည်အသွေးစံနှုန်းများ၏ လမ်းညွှန်ချက်သတ်မှတ်တန်ဖိုးများနှင့်အညီလိုက်နာဆောင်ရွက်ရန်၊

(ဂ) **ရေရှည်တည်တံ့စေသော ထုတ်လုပ်မှုနှင့်သုံးစွဲမှုဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် စီမံကိန်းတွင် ကုန်ကြမ်းပစ္စည်းများ၊ စွမ်းအင်နှင့်ရေတို့ကို ထိရောက်အကျိုးရှိစွာသုံးစွဲကြောင်း သေချာစေရန် သင့်လျော်သောနည်းလမ်းများကို ဆောင်ရွက်ရမည်။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများနှင့်သုံးစွဲမည့်ရေပမာဏတို့ကို မှတ်တမ်းတင်ထားရမည်ဖြစ်ပြီး၊ ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများကို လျှော့ချနိုင်မည့် သို့မဟုတ် ကုန်ကြမ်းပစ္စည်းနှင့် သုံးစွဲရေတို့ကို ပိုမိုထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်မည့် သင့်လျော်သော အစားထိုးပစ္စည်းများရရှိနိုင်ခြင်း ရှိ/ မရှိကို အနည်းဆုံး (၃) နှစ် တစ်ကြိမ် ဆန်းစစ်သုံးသပ်၍ မှတ်တမ်းတင်ထားရှိရမည်။

(ဃ) **လေအရည်အသွေးဆိုင်ရာစည်းကမ်းချက်များ။** အောက်ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(င) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်ကမ်းချက်များ။** ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲရေးဆိုင်ရာ စည်ကမ်းချက်များနှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်။

(စ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်ကမ်းချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စည်ကမ်းချက်များနှင့်စပ်လျဉ်း၍ တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကိုဆောင်ရွက်ရန်၊

(၂) ကျန်းမာရေးနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် ရေနံမြေ (အလုပ်သမားများနှင့် သက်သာချောင်ချိရေး) အက်ဥပဒေ(၁၉၅၁) ကို လိုက်နာဆောင်ရွက်ရန်။

(ဆ) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးပွဲများကို စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်စဉ်အတွင်း စဉ်ဆက်မပြတ် ဆောင်ရွက်ရန်၊

(၂) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေး လုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၃) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့်ဖြစ်နိုင်သော အနှောက်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၄) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊

(ဇ) **စွန့်ပစ်ပစ္စည်းများဆိုင်ရာစည်းကမ်းချက်များ။** အောက်ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အပိုဘေးထွက်ပစ္စည်းများအား ပြင်ပသို့ စွန့်ပစ်ရန် (သို့မဟုတ်) ရောင်းချရန် လိုအပ်ပါက ဝန်ကြီးဌာနသို့တင်ပြ၍ ခွင့်ပြုချက် ရယူဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလ၊ လုပ်ငန်းလည်ပတ်ခြင်းကာလအတွင်း လုပ်သား များ နေထိုင်သည့်အဆောက်အဦများမှ စွန့်ပစ်ရေအားလုံးကို ခွင့်ပြုထားသော နေရာအတွင်း သတ်မှတ်စံနှုန်းများနှင့်အညီ စွန့်ပစ်ရန်၊

(၃) တည်ဆောက်ရေးကာလနှင့် လုပ်ငန်းလည်ပတ်စဉ်အတွင်းလုပ်ငန်းခွင်တွင် စီမံကိန်းမှထွက်ရှိမည့် အမှိုက်အားလုံးအတွက် သင့်လျော်သော အမှိုက်ပုံးများ၊ ပြန်လည်အသုံးပြုရန်ဧရိယာများကို ခွဲခြားသတ်မှတ်ပြီး ထိုဧရိယာအား ညစ်ညမ်းမှုနှင့် ရောဂါပြန့်ပွားမှုမှကင်းဝေးစေရန် တည်ဆောက်ထိန်းသိမ်းရန်၊

(၄) စီမံကိန်းအဆိုပြုသူသည် စွန့်ပစ်ပစ္စည်းများ မီးရှို့ခြင်းအား ရှောင်ကြဉ်ရမည် ဖြစ်ပြီး စွန့်ပစ်ပစ္စည်းထွက်ရှိမှုအား လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်းနှင့် စွန့်ပစ်ခြင်းနည်းလမ်းများဖြင့် လျှော့ချ၊ စီမံခန့်ခွဲရန်။

(ဈ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီး ခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေ စေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏ တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြား လုပ်ငန်းများဆောင်ရွက်ရန်ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့် အသိပေးတင်ပြရမည်။ ပျက်ကွက်မှု

တစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့်အကြောင်း ကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန်လိုအပ်သည့် အကြောင်းကိစ္စရပ်ကို ၂၄ နာရီအတွင်းလည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ် ဖြစ်ရပ်ကို စတင်သိရှိသည့် အချိန်မှ ၇ ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှု တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းရေိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည် တင်ပြရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင်

တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်းစီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ည) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။** ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) ယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းစီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ် သတင်းပို့အကြောင်းကြားရန်၊

(၂) စီမံကိန်းဆောင်ရွက်မည့် နေရာဒေသ၏ ဓလေ့ထုံးတမ်းစဉ်လာများ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ အထင်ကရနေရာများကို ထိန်းသိမ်းစောင့်ရှောက်ရန်။

(ဠ) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက်မနိမ့်ကျသောလူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(ဍ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေးထုတ်ဖော်ကြေညာရမည်။

(ဎ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရအဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါအကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊

လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှု အားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါစည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင်သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင် ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာ စုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရန်၊ ပြင်ဆင် ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့်ပြင်ဆင် ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည် တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့်

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၆ လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီး ဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါးအများပြည်သူသိရှိနိုင်ရန်စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာ နေရာများ တွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူသိရှိနိုင်စေရေး တင်ပြထားရှိရန်၊ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်း အဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီး နောက် ၁၀ ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စောင့်ကြပ်ကြည့်ရှုခြင်း၊ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရန် -

(ကက) စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင် နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင် မဆိုဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(ခခ) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည်သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ် ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီး

ဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(ဂဂ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယို ရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများ ရယူခြင်းနှင့် ကွန်ပျူတာများကိုစစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများ အပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟုယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

(ခ) **ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရန်ပုံငွေထူထောင်ထားရှိရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ ၆ လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ ၂ နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့်

သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန်တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိပြီး ၂ နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာအကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်း မပြုလျှင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို ပြန်လည်ပြင်ဆင်စေပြီးတင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ထိခိုက်မှု ဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို မူလအတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သောနည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ် နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟာစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ်ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေးအာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်း၊

လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသောလွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှု မရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---